By Buck Jacobs

# သင်ခန်းစာ နှစ်ခု




**တစ်ချိန်က ကုမ္ပဏီတစ်ခုမှာ နှစ်လေးဆယ်လုံးလုံး တံခါးစောင့် လုပ်လာခဲ့တဲ့ လူတစ်ယောက် ရှိပါတယ်။ သူဟာ တံခါးစောင့်ရာထူးကနေ လုံးဝ တက်မလာခဲ့ဘူး။ ဘယ်သူကမှလည်း သူ့ကို အရေးတယူမရှိလှဘူး။ သူ့မှာ အိမ်လည်း မရှိခဲ့ဖူးဘူး၊ အရင်းအနှီး ပိုက်ဆံလည်း မရှိခဲ့ဖူးဘူး၊ ကားအသစ်လည်း မဝယ်ခဲ့ဖူးဘူး။**

ဒါပေမဲ့ သူဟာ တံခါးစောင့်ကောင်းတစ်ယောက်ဖြစ်ပါတယ်။ သူတာဝန်ကျတဲ့ နေရာတဝိုက်ကို အဆင့်အတန်းအမြင့်ဆုံးဖြစ်အောင် ထိန်းသိမ်းပြုပြင်ခဲ့ပါတယ်။ ကြေးဝါးတွေ၊ ပြတင်းပေါက်တွေကို ပြောင်လက်နေအောင်တိုက်၊ ကော်ဇောတွေကိုလည်း ဘယ်တော့မှ မညစ်ပေစေခဲ့ပါဘူး။ တခါတလေမှာတော့ လေးဖက်ထောက်ပြီး သွားပွတ်တံနဲ့ ကြမ်းပြင်နဲ့ အုတ်နံရံဆက်မိတဲ့နေရာတောင့်လေးတွေကို တိုက်ချွတ်နေတတ်ပါတယ်။ ဒီလောက် အလုပ်ရှုပ်နေတာတောင်မှ အပြုံးမပျက်ဘဲ သူ့လုပ်ဖော်ဆောင်ဖက်တွေကို ဝမ်းသာစရာစကားတွေ ဆိုနိုင်ပါသေးတယ်။ သူပင်စင်ယူတဲ့နောက်မှာ သူညည်းညူတာ မကြားဖူးကြောင်း လူတော်တော်များများက မှတ်ချက်ချခဲ့ကြပါတယ်။

နှစ်ပေါင်း လေးဆယ်အတွင်းမှာ လူတွေက သူ့ကို “ဘာလို့ ဒီလောက်တောင် အလုပ်ကြိုးစားရတာလဲ? မင်းဒီလောက် ကြိုးစားစရာ မလိုပါဘူးကွာ” လို့ပြောတဲ့အခါ “မင်းတို့ နားမလည်ပါဘူးကွာ။ ငါက ယေရှုအတွက် လုပ်နေတာကွ။ သူ့အတွက်ဆိုတော့ အကောင်းဆုံးလုပ်မှဖြစ်မယ်။ သူဟာ ငါ့ရဲ့ အကောင်းဆုံး သူငယ်ချင်းဆိုတာ မင်းတို့ သိတယ်မဟုတ်လား? ငါသူ့ကိုချစ်တော့ သူ့အတွက် အကောင်းဆုံး လုပ်ပေးရမယ်။ ဘာလို့လဲဆိုတော့ ငါ့အတွက် သူ့အသက်ကိုတောင် စတေးခဲ့လို့ပဲ” လို့ ပြန်ပြောတတ်ပါတယ်။

ဒီလူတချို့က ရယ်ပြီး ဆက်သွားကြတယ်။ တချို့ကတော့ “ယေရှုဟုတ်လား”? နှင့်သူငယ်ချင်းဟုတ်လား? ငါမသိပါလား။ ယေရှုက ဘယ်လိုလုပ်ပြီး သူငယ်ချင်းဖြစ်နိုင်မှာလည်း? ငါသိတယ်။ ယေရှုက အဲလိုမဟုတ်ပါဘူး” လို့ပြောကြတယ်။

ဒီလိုပြောတဲ့အခါ တံခါးစောင့်ကပြုံးပြီး “ကောင်းပြီ၊ ငါနဲ့ ယေရှုအကြောင်းကို မင်းတို့ကိုပြောမယ်”လို့ပြောတဲ့အခါ သူ့မျက်လုံးထဲက မေတ္တာအရိပ်အငွေ့ကို ဘယ်သူမှ မခံစားမိဘဲ မနေနိုင်ကြပါဘူး။ ဘုရားက သူ့အသက်တာကို ဘယ်လို တို့ထိခဲ့ကြောင်း ပြောပြဖို့ဆိုရင် သူက အလုပ်ရှုပ်နေတယ်လို့ သဘောမထားပါဘူး။

အဲဒီကုမ္ပဏီမှာပဲ တံခါးစောင့်နဲ့ တချိန်ထဲမှာ အလုပ်ဝင်ခဲ့ပြီး နှစ်ပေါင်းလေးဆယ်ကျော်ကြာ လုပ်လာခဲ့တဲ့ အခြားတစ်ယောက် ရှိပါသေးတယ်။ သူကတော့ အရမ်းကောင်းတဲ့ တက္ကသိုလ်တစ်ခုကနေ ထူးထူးချွန်ချွန် အောင်မြင်လာခဲ့တဲ့သူပါ။ သူဟာ စာကြိုးစားပြီး အမှတ်ကောင်းတွေ ရခဲ့ပါတယ်။ ကျောင်းပြီးတာနဲ့ ချက်ခြင်း အရောင်းစာရေးအဖြစ် ကုမ္ပဏီမှာ အလုပ်စဝင်ပါတယ်။ မကြာခင်မှာပဲ သူရောင်းတဲ့ကဏ္ဍမှာ အတော်ဆုံး အရောင်းစာရေး ဖြစ်လာပါတယ်။ဒီလိုနဲ့ သူဟာ တဆင့်ပြီးတဆင့် ရာထူးတိုးခံရပြီး အရောင်းမန်နေဂျာ၊ ဒေသဆိုင်ရာမန်နေဂျာ၊ အရောင်းဆိုင်ရာ ဒုဥက္ကဌဖြစ်လာပြီး နောက်ဆုံးမှာတော့ ကုမ္ပဏီရဲ့ အငယ်ဆုံး စီအီးအို (အလုပ်အမှုဆောင် အရာရှိချုပ်)အထိ ဖြစ်လာပါတယ်။

သူ့ရဲ့ဦးဆောင်မှုအောက်မှာ ကုမ္ပဏီဟာ တိုးတက်လာပြီး တဖြည်းဖြည်းနဲ့ လုပ်ငန်းပိုင်းမှာ နိုင်ငံတကာကိုတောင် ဦးဆောင်လာနိုင်ပါတယ်။ တခြားကုမ္ပဏီတွေကလည်း လာပူးပေါင်းပြီးတော့ သူ့ရဲ့ ထက်မြက်တဲ့ လမ်းညွှန်မှုတွေကြောင့် ဒီကုမ္ပဏီတွေဟာလည်း ကျော်ကြားလာခဲ့ပါတယ်။

သူ့ရဲ့ ထက်မြက်ထူးချွန်တဲ့ စွမ်းရည်နဲ့ အောင်မြင်မှုတွေကြောင့် တခြားအဖွဲ့အစည်းတွေကလည်း မိန့်ခွန်းလာပြောဖို့ ဖိတ် ခေါ်တာမျိုးလည်း ရှိပါတယ်။ တခြား စီအီးအိုကတောင်မှ သူ့ဆီလာပြီး အကြံဉာဏ်တောင်းလေ့ရှိပါတယ်။ သူက ဒီလို ဖြေလေ့ရှိတယ်။ “ဒီတိုင်းပြည်မှာ အခွင့်အလမ်းတွေက ကန့်သတ်မဲ့ပါပဲ။ ဒါကြောင့် ကျွန်တော် ကြိုးစားခဲ့ပါတယ်။ ခင်ဗျားတို့လည်း ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ ကြိုးစားမယ်ဆိုရင် ကျွန်တော်တို့ မလုပ်နိုင်စရာအကြောင်းမရှိပါဘူး”။

သူဟာ ပြည်သူ့ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ အစိုးရ အကြံပေးအဖွဲ့တွေမှာလည်း တက်တက်ကြွကြွ ပါဝင်ခဲ့ပါတယ်။ သူဟာ သူတက်ခဲ့ တဲ့ ကျောင်းတော်ကြီးရဲ့ နာယကအဖွဲ့ဝင်အဖြစ်လည်း ရွေးချယ်ခံရပါတယ်။ အသင်းတော်တစ်ပါးမှာလည်း လေးစားရတဲ့ အသင်းသားတစ်ယောက်ဖြစ်ခဲ့ပါတယ်။ သူနဲ့ သူ့မိသားစုကို တနင်္ဂနွေနေ့တိုင်း မနက် (၁၁)နာရီအစည်းအဝေးမှာ စတုတ္ထမြောက်ခုံမှာ ထိုင်နေတာကို မြင်ရပါတယ်။

ဒါပေမဲ့ တနင်္ဂနွေနေ့ကို တနင်္လာနေ့လောက် အလေးမထားခဲ့ပါဘူး။ သူငယ်ငယ်တုန်းက သူ့အဖေက သူ့ကို ဒီလိုပြောဖူးတယ် “သား၊ သားရဲ့ စီးပွားရေးနဲ့ရောလို့မရတဲ့ အရာနှစ်ခုရှိတယ်။ အဲဒါက နိုင်ငံရေးနဲ့ ဘာသာရေးပဲ။ သူတို့ဟာ ဆီနဲ့ရေလိုပဲ”။ သူ့အဖေရဲ့ စကားကို ပြန်မမေးခဲ့ပါဘူး။ သူ့ဦးနှောက်တစ်နေရာကတော့ ဒါဟာ မမှန်ဘူးလို့ထင်တယ်။ ဒါပေမယ့် နက်နက်နဲနဲတော့ မစဉ်းစားခဲ့ဘူး။ ဒါပေမယ့် သူဟာ အလုပ်အမြတ်မီးရှုပ်နေတော့ ဘုရားဟာ သူ့ဘဝရဲ့ ပြင်ပကို ရောက်နေခဲ့ပါတယ်။ သူ့အလုပ်အကိုင်၊ ပင်လယ်ကမ်းခြေက အိမ်ကလေး၊ ဂေါက်သီးနဲ့ တင်းနစ်အသင်းဝင်တွေ၊ အစည်းအဝေးတွေပြည့်ကျပ်နေတဲ့ကြားက မိသားစုနှင့်လျှောစည်းဖို့အချိန်လုရတာ စတာတွေနဲ့ပဲ သူ့အချိန်နဲ့ သူ့ဘဝဟာ တရွေ့ရွေ့ကုန်ဆုံးလာခဲ့ပါတယ်။ လူအများအပြားရဲ့ ကြည်ညိုလေးစားမှုကိုခံရပြီးတဲ့နောက် သူ့ရဲ့ ရှည်လျားပြီးအောင်မြင်တဲ့ ဘဝကနေ အနား ယူခဲ့ပါတယ်။

တစ်နေ့တော့ အဲဒီလူနှစ်ယောက်ဟာ သေသွားကြပါတယ်။ (၁ကောအခန်းကြီး ၃ ထဲမှာ ပြောထားတဲ့အတိုင်းပဲ သူတို့နှစ်ယောက်စလုံး အသက်ရှင်စဉ်က လုပ်ခဲ့သမျှ စီရင်ခြင်းခံဖို့အတွက် သခင်ယေရှုရဲ့ ရှေ့မှောက်မှာ ရောက်ခဲ့ကြပါတယ်။

စီအီးအိုကြီးက အရင်သွားပါတယ်။

သခင်ယေရှုက စီအီးအိုရဲ့ ပုခုံးပေါ်မှာ သူ့လက်ကိုတင်ပြီး “ငါ့သား၊ သင့်ရဲ့ဘဝကို အကောင်းဆုံး အသက်ရှင်ခဲ့တယ်။ သင့်ကိုဉာဏ်ပညာနဲ့ အခွင့်အရေးတွေကို ငါပေးခဲ့တယ်။ သင်ဟာ အလုပ်ကြိုးစားပြီးတော့ သင်ဟာ သင့်ရှေ့မှာ ငါထားခဲ့တဲ့ကျေးဇူးတရားတွေကို အကုန်လုံး ယူသွားခဲ့တယ်။ သင်ဟာ အောင်မြင်ခဲ့တယ်။ ဒါပေ

မယ့် ငါ့သား သင်တည်ဆောက်ခဲ့တဲ့ အရာအားလုံးကို ထားခဲ့ရလိမ့်မယ်။ သင့်ရဲ့ တိုက်နဲ့ကား၊ သင့်ရဲ့ ကုမ္ပဏီနဲ့ အသင်းအဖွဲ့တွေက ကောင်းပါတယ်။ ဒါပေမယ့် ဒါတွေဟာ ငါ့နိုင်ငံတော်အထဲမှာ မပါဘူး။ သင့်ရဲ့ ပိုက်ဆံတွေဟာ ဒီမှာ မလိုအပ်ဘူး။ ငါ့သား သင့်ရဲ့ ကြိုးကြိုးစားစား လုပ်ကိုင်ခဲ့တဲ့ ဟာတွေက နည်းလမ်းမမှန်ခဲ့ဘူး။ သင်ဟာ ကောင်းတဲ့ဟာကိုတော့ ရခဲ့ပေမယ့် အကောင်းဆုံး နဲ့တော့ လွဲချော်ခဲ့တယ်"လို့ ပြောတယ်။

တံခါးစောင့်ကတော့ ကြောက်ရွံ့စိတ်နဲ့ ရိုကျိုးစွာ ဘေးနားမှာ ရပ်နေပါတယ်။ စီအီးအိုကြီးကတောင်မှ သခင့်ဆီကနေ ဘာမှ မရခဲ့ဘူးဆိုတော့ တံခါးမှူးအတွက်တော့ ဘာများ မျှော်စရာ ရှိသေးလို့လဲ? မျက်လွှာချထားပြီးတော့ သူ့ပါးပြင်မှာ မျက်ရည်နဲ့ စိုနေတဲ့အချိန်မှာ သခင်ယေရှုက သူ့ပုခုံးပေါ်မှာ လက်တင်ပြီး "ငါ့သား၊ ငါ့ကို မော့ကြည့်စမ်းပါ"လို့ ပြောလိုက်တယ်။ တံခါးမှူးက သူသိပ်ချစ်တဲ့သခင့်ရဲ့ မျက်နှာကို မော့ကြည့်လိုက်တယ်။ သခင့်ရဲ့ အပြုံးက တံခါးစောင့်ရဲ့ ရင်ထဲမှာ တလှပ်လှပ် တုန်ခါသွားစေတယ်။ အံ့သြစွာနဲ့ သူကြားလိုက်ရတာက "ငါ့သား တဖက်ကို မော့ကြည့်ပြီး သင်ဘာတွေမြင်ရသလဲဆိုတာ ငါ့ကို ပြောပြစမ်းပါ" လို့ ယေရှုက ပြောလိုက်တာပါပဲ။

သခင့်ရဲ့ သန်မာတဲ့လက်တွေကြောင့် တံခါးစောင့်ဟာ တဖက်ကို လှည့်သွားရပါတယ်။ ပျော်ရွှင်မြူးထူးတဲ့ လူအုပ်ကြီးဟာ သူ့ဆီကို ဦးတည်လာနေတာကို အံ့သြစွာနဲ့ တွေ့လိုက်ရတယ်။ သူမမြင်ဖူးတဲ့ ဖြူစင်တဲ့ ချစ်ခြင်းနဲ့ ပျော်ရွှင်မှု အရိပ်အယောင်ကို အဲဒီလူတွေရဲ့ မျက်နှာမှာ မြင်ရပါတယ်။ သခင့်ဆီကိုလှည့်ပြီး "သခင် ကျွန်တော်သိတဲ့လူက နည်းနည်းလေးပါ။ တခြားလူတွေကကော ဘယ်သူတွေပါလဲ?"လို့ မေးလိုက်တယ်။

ယေရှုကပြောတယ်။ "သင်သိတဲ့လူတွေဟာ သင့်က ငါ့ရဲ့ ချစ်ခြင်းကို ပြောခဲ့တဲ့ လူတွေပေါ့။ တခြားလူတွေကတော့ အဲဒီလူတွေကတဆင့် ပြန်ပြောခဲ့တဲ့ လူတွေပေါ့။ အခု သူတို့ အားလုံးက သင့်ကို ကျေးဇူးတင်ရမယ်။ မြေကြီးစဖန်ဆင်းကတည်းက သင့်အတွက် ပြင်ဆင်ထားတဲ့ ပျော်ရွှင်မှုထဲမှာ သင်ဝင်ဆင်နွှဲပေတော့" တဲ့။

တံခါးစောင့်နဲ့ မိတ်ဆွေတွေ ပြန်တွေ့ရပြီး ပရိဒိသုဘုံကို တက်သွားတဲ့အချိန်မှာ အနီးအနားက ကောင်းကင်တမန်တွေက တေးသီချင်းတွေ ကျူးရင့်ကြပါတယ်။

သင်နှင့်ကျွန်ုပ်လိုပဲ ဒီလူနှစ်ယောက်မှာ အခွင့်အရေးတွေ ရခဲ့ကြပါတယ်။ တစ်ယောက်က သူ့ရဲ့ ကံကြမ္မာကို ဒီမှာဖန်တီးပြီး တစ်ယောက်ကတော့ ဟိုမှာဖန်တီးပါတယ်။ ထာဝရဘုံမှာပေါ့။ သူတို့ရဲ့ ရွေးချယ်မှု ရလဒ်တွေဘဲပေါ့။ သင်ကော သင့်ကံကြမ္မာကို ဘယ်မှာ ဖန်တီးမှာလဲ?




# သင်ခန်းစာ နှစ်ခု

## ဂျော်နီဆိုတဲ့ လူလေးတစ်ယောက်ဟာ အဘိုးအဘွားတွေရှိတဲ့ လယ်ကို သွားလည်ပတ်ခဲ့တယ်။ တောထဲမှာဆော့ဖို့လောက်လေးခွတစ်ခုသူ့ကိုပေးထားတယ်။

သူဘယ်လောက် ပဲကြိုးစားကြိုးစား ပစ်မှတ်ကို မှန်အောင်မပစ်နိုင်ပါဘူး။ အတော်လေး စိတ်ပျက်သွားပြီး ညစာစားဖို့ ဂျော်နီအိမ်ကို ပြန်ခဲ့တယ်။ ယာတဲနားကိုရောက်တော့ အဖွားရဲ့ ဘဲကလေးကို တွေ့လိုက်တယ်။ စိတ်မထိန်းနိုင်တော့ပဲ လေးခွမှာ ကျောက်စရစ်တုံးလေး ထည့်ပြီး ပစ်လိုက်တော့ ခေါင်းမှာထိပြီး ဘဲကလေးသေသွားတယ်။ ကောင်လေးအရမ်းလန့်သွားတယ်။ အဘိုးအဘွားတွေသိရင် ဖြစ်လာမယ့် အရာတွေကိုတွေးပြီး ကြောက်နေတယ်။ စိုးရိမ်ထိတ်လန့်စွာနဲ့ ဘဲသေလေးကို ထင်းပုံထဲမှာ ဝှက်ထားလိုက်တယ်။ ဘေးဘီကိုကြည့်လိုက်တော့ သူ့ညီမဆယ်လီကို မြင်လိုက်တယ်။ ဆယ်လီက အားလုံးကို မြင်နေတာကိုး။

ညစာစားပြီးတော့ အဘွားက "ဆယ်လီရေ ပန်းကန်တွေဆေးရအောင်ဟေ့"လို့ ပြောတယ်။ ဒါပေမယ့် ဆယ်လီက "အဘွား ဂျော်နီက မီးဖိုချောင်ထဲ ဝင်ကူညီချင်တယ်လို့ သမီးကိုပြောတယ်"လို့ ပြန်ပြောလိုက်တယ်။ ပြီးတော့သူက ဂျော်နီ့ကို တိုးတိုးလေးနဲ့ "ဘဲကလေးကို မှတ်မိတယ်မဟုတ်လား?"လို့ပြောတယ်။ ဒီတော့ ဂျော်နီကလည်း ပန်းကန်တွေကို ဆေးလိုက်ရတာပေါ့။

နောက်တစ်နေ့ အဘိုးက ကလေးတွေ ငါးမျှားသွားဖို့ခေါ်တယ်။ ဒါပေမယ့် အဖွားက "ဆယ်လီကိုတော့ ညလယ်စာပြင်ဆင်စရာရှိလို့ ထားခဲ့ပါ" လို့ ပြောတယ်။ ဒီတော့ ဆယ်လီက "ဒါတော့ လွယ်ပါတယ်။ ဂျော်နီက ကူညီချင်တယ်လို့ပြောတာပဲ" လို့ ပြောလိုက်တယ်။ ပြီးတော့ ဂျော်နီ့ကို တိုးတိုးလေးနဲ့ "ဘဲကလေးကို မှတ်မိတယ်နော်" လို့ပြန်ပြောပြန်ရော။ ဒီတော့ ဆယ်လီက ငါးမျှားဖို့ လိုက်သွားပြီး ဂျော်နီက အိမ်မှာ ကျန်ခဲ့ပြန်တယ်။

ဂျော်နီက သူ့အလုပ်တွေရော ဆယ်လီ့အလုပ်တွေပါ ရက်ပေါင်းများစွာ လုပ်ပြီးတဲ့နောက်မှာ မခံနိုင်တော့ဘဲနဲ့ အဘွားဆီမှာ ဘဲကလေးကို သတ်ခဲ့မိကြောင်း ဝန်ခံလိုက်တယ်။ အဘွားက ဒူးထောက်ပြီး သူ့ကို ဖတ်ထားလိုက်တယ်။ ပြီးတော့ "သားရယ်၊ သားလုပ်ခဲ့တာတွေကို အဘွားပြတင်းပေါက်ကနေ မြင်နေရပါတယ်။ ဒါပေမယ့် သားကိုချစ်လို့ သားကို ခွင့်လွှတ်ပြီးသားပါ။ ဆယ်လီခိုင်းတာကို သားဘယ်လောက်ထိ ခံနိုင်မလဲဆိုတာကို သိချင်လို့ အဘွားက ဘာမှမပြောဘဲ နေနေတာ"လို့ ပြောတယ်။

အတိတ်မှာ ဘယ်လိုအမှားမျိုးကို သင်လုပ်ခဲ့သည်ဖြစ်စေ စာတန်ကတော့ အခွင့်ရတိုင်း သင့်အမှားကို အမှတ်ရစေလိမ့်မယ်။ ဒါပေမယ့် ယေရှုခရစ်တော်က ပြတင်းပေါက်မှာရပ်နေပြီးတော့ အားလုံးကို မြင်နေရပါတယ်။ သူက သင့်ကိုချစ်ကြောင်းနဲ့ ခွင့်လွှတ်ဖို့တောင်းပန်တာနဲ့ခွင့်လွှတ်ဖို့အသင့်ရှိကြောင်းသင့်ကို သိစေချင်ပါတယ်။ စာတန်ရဲ့ ခိုင်းစေမှုကို သင်ဘယ်လောက်ခံနိုင်မလဲဆိုတာကို သူသိချင်နေပါတယ်။

အမည်မသိ စာရေးဆရာ